မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ တန်ခူးလဆန်း ၈ ရက်၊ ၂၀၁၂ ခုနှစ်၊ မတ် ၃၀ ရက်၊ သောကြာနေ့၊ အတွဲ (၅၁)၊ အမှတ် (၁၈၂)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ နိုင်ငံတကာလွှတ်တော်ဆိုင်ရာသမဂ္ဂ (IPU) ညီလာခံတက်ရောက်ရန် ယူဂန္ဒာနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် မတ် ၂၉

အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယူဂန္ဒာနိုင်ငံ ကန်ပါလာမြို့၌ ကျင်းပမည့် (၁၂၆)ကြိမ်မြောက် နိုင်ငံတကာလွှတ်တော်ဆိုင်ရာ သမဂ္ဂ Inter-Parliamentary Union (IPU) ညီလာခံသို့ တက်ရောက်ရန် ယနေ့ နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးတင်အောင်၊ ပြည်သူ့လွှတ်တော်ရေးရာ ကော်မတီအတွင်းရေးမှူးများဖြစ်ကြသော ဒေါက်တာစိုးရင်နှင့် ဦးမောင်တိုးတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

အဖွဲ့ဝင်များ

အဆိုပါအဖွဲ့တွင် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များအဖြစ် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်သူ့လွှတ်တော်နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦးနှင့် အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုင်းအဝန်းရေးရာကော်မတီဥက္ကဋ္ဌ ဦးညွန့်တင်တို့ လိုက်ပါသွားကြသည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ယူဂန္ဒာနိုင်ငံ ကန်ပါလာမြို့၌ ကျင်းပမည့် (၁၂၆)ကြိမ်မြောက် နိုင်ငံတကာလွှတ်တော်ဆိုင်ရာသမဂ္ဂ Inter-Parliamentary Union (IPU) ညီလာခံသို့ တက်ရောက်ရန် ထွက်ခွာသွားသည့် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်းစဉ်)

မဲရုံအသီးသီး၌ ကြည့်ရှုလေ့လာရာတွင် ရွေးကောက်ပွဲဥပဒေအရ မဲရုံအတွင်းသို့ ဝင်ရောက်ခွင့်မရှိခြင်းမှအပ မဲရုံပြင်ပ မြင်သာသောနေရာများတွင် မဲပေးမှုလုပ်ငန်းစဉ်တစ်ခုလုံးကို လေ့လာကြည့်ရှုနိုင်

ရန်ကုန် မတ် ၂၉

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်တွင် ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပမည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်း မြို့များရှိ မဲဆန္ဒနယ်များသို့ သွားရောက်လေ့လာမည့်သူများအား လေ့လာရေးခရီးစဉ်နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်တွင် ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပမည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်း မြို့များရှိ မဲဆန္ဒနယ်များသို့ သွားရောက်လေ့လာမည့်သူများအား လေ့လာရေးခရီးစဉ်နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။

(သတင်းစဉ်)

ရှင်းလင်းပွဲသို့ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်တွင်း ပြည်ပ အခြေစိုက်သံတမန်များ၊ အထူးဖိတ်ကြားထားသည့် ကုလသမဂ္ဂဌာနချုပ်မှ ကိုယ်စားလှယ်များ၊ အာဆီယံဥက္ကဋ္ဌ၏ ကိုယ်စားလှယ်များ၊ အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များ၊ အာဆီယံနှင့် ဆွေးနွေးဘက်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ အာဆီယံလွှတ်တော်အမတ်များ၊ ဥရောပသမဂ္ဂမှ ကိုယ်စားလှယ်များနှင့် ပြည်ပနိုင်ငံများမှ လာရောက်သတင်းယူကြသည့် သတင်းထောက်များ တက်ရောက်ကြသည်။

ရှင်းလင်းပွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က လေ့လာရေးအဖွဲ့များ လိုက်နာဆောင်ရွက်ရမည့် အချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာတွင် ယခုကဲ့သို့ သံတမန်များနှင့် အထူးဖိတ်ကြားထားသော ဧည့်သည်တော်များအား ဖိတ်ကြားရှင်းလင်းရသည့် ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံ၌ ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်တွင်ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲ၌ ပါဝင်လေ့လာရန် ရွေးကောက်ပွဲကျင်းပမည့် ဒေသများသို့ မထွက်ခွာမီ လိုအပ်သော သတင်းအချက်အလက်များကို ပေးရန်ဖြစ်ပါကြောင်း၊ မကြာမီကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲ၌ ဥပဒေနှင့်အညီ ပါဝင်နိုင်သူအားလုံး ပါဝင်ယှဉ်ပြိုင်နိုင်အောင် စီစဉ်ထားပြီးဖြစ်ပါကြောင်း၊ ပွင့်လင်းမြင်သာပြီး တရားမျှတသည့် ရွေးကောက်ပွဲဖြစ်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့်လည်း ပွင့်လင်းမြင်သာပြီး တရားမျှတသည့် ရွေးကောက်ပွဲဖြစ်သည်ဆိုသည်ကို သံတမန်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ ကိုယ်တိုင်ကိုယ်ကျ လေ့လာတွေ့ရှိနိုင်မည်ဟု မိမိမျှော်လင့်ပါကြောင်း။

မူလက ကြားဖြတ်ရွေးကောက်ပွဲပြုလုပ်ရန် ပြည်သူ့လွှတ်တော် (၄၀)နေရာ၊ အမျိုးသားလွှတ်တော် (၆)နေရာ၊ ပြည်နယ်/တိုင်းဒေသကြီး လွှတ်တော်(၂)နေရာ စုစုပေါင်း လွှတ်တော်(၄၈)နေရာ ပြုလုပ်မည်ဖြစ်ကြောင်း ကြေညာခဲ့သော်လည်း ကချင်ပြည်နယ်၌ လစ်လပ်နေသော ပြည်သူ့လွှတ်တော်(၃)နေရာသည် နယ်မြေလုံခြုံရေးအခြေအနေအရ ကျင်းပခြင်းမပြုနိုင်တော့သဖြင့် ကျန်လွှတ်တော် (၄၅)နေရာ ကျင်းပသွားမည်ဖြစ်ပါကြောင်း။

စာမျက်နှာ ၃ ကော်လံ ၁ ❖

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးအား UNDP အာရှ-ပစိဖိတ်ဒေသရုံးမှ ညွှန်သည်အဖွဲ့ တွေ့ဆုံ

နေပြည်တော် မတ် ၂၉

နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးအား UNDP အာရှ-ပစိဖိတ်ဒေသရုံးမှ ဒီမိုကရေစီကျ အုပ်ချုပ်မှုစနစ်ကျင့်သုံးရေးဆိုင်ရာ အဖွဲ့ခေါင်းဆောင် Ms. Pauline Tamesis ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီတွင် ပြည်ထောင်စုဝန်ကြီး၏ညှိနှိုင်းခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် UNDP တို့အကြား နယ်စပ်ဒေသဖွံ့ဖြိုးရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်မည့် အစီအစဉ်များအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အစုလိုက်ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးလုပ်ငန်းဖွင့်

နေပြည်တော် မတ် ၂၉

ချင်းပြည်နယ် အစုလိုက်ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးလုပ်ငန်း ၂၀၁၂ခုနှစ် ဖွင့်ပွဲအခမ်းအနားကို မတ် ၂၂ရက် နံနက် ၈ နာရီခွဲက ဟားခါးမြို့ မိခင်ကလေးကျန်းမာရေးဌာန ကာကွယ်ဆေးထိုး စုရပ်၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်းနှင့်ဇနီး ဒေါ်ဝါဝါ၊ ပြည်နယ်အဖွဲ့အစည်းဝင်များနှင့် ဇနီးများ၊ ပြည်နယ်ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများ၊ ပြည်နယ်/ခရိုင်/မြို့နယ်များမှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

ကြည့်ရှုအားပေး

အခမ်းအနားကို ပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်းနှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဟောက်ခင်ခမ်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး အစုလိုက်ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးလုပ်ငန်း ဆောင်ရွက်မှုများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများအား အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

အမည်	ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ဌာန
(က) ဦးတင်မျိုးကြည်	ညွှန်ကြားရေးမှူးချုပ် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
(ခ) ဦးမင်းဇော်	ညွှန်ကြားရေးမှူးချုပ် နိုင်ငံတော်သမ္မတရုံး

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

	အမည်၊ ရာထူး၊ ဌာန	ခန့်ထားသည့်ရာထူး၊ ဌာန
(က)	ဦးစိုးလှိုင် ဒုတိယညွှန်ကြားရေးမှူးချုပ် စက်မှုလယ်ယာဦးစီးဌာန လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် စက်မှုလယ်ယာဦးစီးဌာန လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
(ခ)	ဒေါက်တာလင်းအောင် ဒုတိယညွှန်ကြားရေးမှူးချုပ် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန

တိပိဋကဓရ တိပိဋကကောဝိဒ စာအောင်သာသနာ့အာဇာနည်များအား ချီးကျူးပူဇော်ပွဲအခမ်းအနားကျင်းပမည်

နေပြည်တော် မတ် ၂၉

သာသနာရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသော (၆၄)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ပွဲတွင် အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည် အရှင်မြတ်များအား အောင်လက်မှတ်၊ ဘွဲ့တံဆိပ်ဆက်ကပ်ပွဲနှင့် ချီးကျူးပူဇော်ပွဲအခမ်းအနားကို ၁၃၇၄ ခုနှစ် ကဆုန်လပြည့်ကျော် ၁၄ ရက် (၁၉-၅-၂၀၁၂)ရက်(စနေနေ့) နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်၍ စာအောင်သာသနာ့အာဇာနည်အရှင်မြတ်များသည် (၁၈-၅-၂၀၁၂)ရက် ညနေ ၃ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ ဥတ္တရကုရုကျောင်းဆောင်သို့ ကြွရောက်တော်မူရန် သာသနာရေးဦးစီးဌာနက ပင့်လျှောက်ထားသည်။

အဆိုပါအခမ်းအနားသို့ ကြွရောက်တော်မူကြမည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဆရာတော်ကြီးများ၊ တိပိဋကဓရဓမ္မဘဏ္ဍာဂါရိကဆရာတော်များ၊ တိပိဋကဓရ တိပိဋကကောဝိဒဆရာတော်များ၊ စာထောက်စာမဆရာတော်များ၊ ပင့်သံဃာများနှင့် ယခုနှစ်တွင် ပြန်ဆိုရေးဖြေ အောင်မြင်တော်မူကြသော တိပိဋကဓရ တိပိဋကကောဝိဒတစ်ပါး၊ တိပိဋကဓရ တစ်ပါး၊ မူလအာဘိဓမ္မိက နှစ်ပါး၊ ဒီဃနိကာယကောဝိဒနှစ်ပါး၊ ဒီဃဘာဏက လေးပါး၊ ဝိနယကောဝိဒ နှစ်ပါး၊ ဝိနယဓရ ၂၇ပါး၊ ဥဘတောဝိဘင်္ဂကောဝိဒ ၁၀ ပါး၊ ဥဘတောဝိဘင်္ဂဓရ ၄၄ ပါး စုစုပေါင်း စာအောင်သံဃာ ၉၃ ပါး အပါအဝင် ပင့်သံဃာအပါး ၂၉၀ တို့အား လှူဖွယ်ဝတ္ထုပစ္စည်းများဖြင့် ချီးကျူးပူဇော်လှူဒါန်းမည်ဖြစ်သဖြင့် အလှူရှင်များ ကြွရောက်ကြည်ညိုကြရန်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးထွန်း ဖုန်း-၆၆၀၇၆၆၊ စာမေးပွဲဌာနခွဲ ဖုန်း-၆၅၂၇၉၄၊ ၆၆၄၅၇၈နှင့် ၆၆၄၄၆၅ တို့သို့ဆက်သွယ်၍ ကြိုတင်လှူဒါန်းနိုင်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

မတ် ၂၉ ရက်က ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ၏ (၄၁)နှစ်မြောက် လွတ်လပ်ရေးနေ့နှင့် အမျိုးသားနေ့ ညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာသော ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေအား မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Maj. Gen Anup Kumar Chakma, ndc, psc က ဆီးကြိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

● *ကျောဖုံးမှ*

ဂါဘာရာကွန်ဇေက ပြောကြားသည်။ ၎င်းသည် ယခုသီတင်းပတ်ကုန်၌ အင်္ဂလန်မှ ဟန်ဂေရီနိုင်ငံသို့ ပြန်မည်ဖြစ်သည်။ ဂါဘာရာကွန်ဇေနှင့်ဇနီးဖြစ်သူ ဗစ်တိုရီးယားတို့နှစ်ဦးသည် လွန်ခဲ့သည့်လေးနှစ်ခန့်က ရိုးရိုးလှေငယ်တစ်စင်းဖြင့် အတ္တလန္တိတ်သမုဒ္ဒရာကို အောင်မြင်စွာ လှော်ခတ်ဖြတ်သန်းခဲ့ဖူးသည်။ ဂါဘာရာကွန်ဇေ လှော်ခတ်ဖြတ်သန်းခဲ့သည့် ကနူးလှေငယ်မှာ အရှည် ၂၃ ပေခန့်ရှိပြီး အတ္တလန္တိတ်သမုဒ္ဒရာရေပြင်ကို ဖြတ်သန်းရန် အထူးတည်ဆောက်ထားသော လှေငယ်ဖြစ်သည်။ **(အင်တာနက်)**

ပထမအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး ကျင်းပ

ရန်ကုန် မတ် ၂၉

ပထမအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး နဝမနေ့ကို မတ် ၂၈ ရက် နံနက် ၁၀ နာရီတွင် ကျင်းပရာ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းတင်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ် (၅၉) ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အတည်ပြုချက်(၂)ခု ရယူ၍ ၂၀၁၂-၂၀၁၃ ခုနှစ် ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်း (ပြင်ဆင်ချက်) ဥပဒေမူကြမ်းအား ဆွေးနွေးခြင်း၊ ဥပဒေကြမ်းအား အတည်ပြုခြင်းများ ဆောင်ရွက်ပြီး လွှတ်တော်အစည်းအဝေးကို မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် ရပ်နားကာ ပထမအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးကြောင်း သိရှိရသည်။ (သတင်းစဉ်)

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင် မူးယစ်ဆေး

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၂ ခုနှစ် မတ်လ ၃၀ ရက်)

အခွင့်အလမ်းနှင့် ကြိုးစားမှု

ယနေ့ခေတ်တွင် အခွင့်အလမ်းဟူသောစကားရပ်ကို နေရာအတော်များများမှာ အသုံးပြုနေကြသည်။ စကားလုံး၏ ပင်ကိုအနှစ်သာရသည် တိုးတက်သည့်သဘောကိုဆောင်၏။ ဤစကားလုံး၏ရှေ့တွင် နာမ်ပုဒ်တစ်ခုထည့်လိုက်ပါက လေးနက်အဓိပ္ပာယ်ရှိသော စကားရပ်များဆင့်ပွားပေါ်ထွက်လာ၏။

အခွင့်အလမ်းဆိုသည့် စကားရပ်ရှေ့တွင် ပညာရေးဟူသော စကားရပ်ထည့်လျှင် ပညာရေးအခွင့်အလမ်း၊ ကျန်းမာရေးဆို ကျန်းမာရေးအခွင့်အလမ်း၊ တိုးတက်သည်ဆိုလျှင် တိုးတက်ရေးအခွင့်အလမ်း စသည်ဖြင့် တန်ဖိုးရှိစကားရပ်ထွက်ပေါ်လာ၏။ ထို့ကြောင့် အခွင့်အလမ်းဟူသည့်စကားရပ်သည် အသုံးတွင်ကျယ်သလောက် တန်ဖိုးလည်းရှိ၏။ တွန်းအားကိုလည်းဖြစ်စေ၏။

လူတို့အနေဖြင့် ဤတန်ဖိုးရှိသော အခွင့်အလမ်းအမျိုးမျိုးကို မျှော်လင့်တောင့်တကြ၏။ သို့သော် တောင့်တတိုင်းကား မရ။ စီးပွားရေး၊ ပညာရေး၊ အလုပ်အကိုင် စသောအခွင့်အလမ်းအမျိုးမျိုးသည် မျှော်လင့်မထားဘဲရတတ်သလို မျှော်လင့်၍လည်း ရချင်မှရတတ်သည်။ အခွင့်အလမ်းသည် မျှော်လင့်၍ ရတန်ကောင်းသောအရာ မဟုတ်ပါချေ။ အခွင့်အလမ်းကို ရယူနိုင်အောင် ကြိုးစားတတ်သောသူများသာ အခွင့်အလမ်းကို ရရှိတတ်ပေသည်။

လူတို့ထံသို့ အခွင့်အလမ်းများသည် မည်သည့်အခါမျှ ကျွန်တော်တို့အခွင့်အလမ်းများ လာနေပါပြီ။ ရအောင်ယူကြပါတော့ဟူ၍ ပြောဆိုလေ့မရှိကြ။ အခွင့်အလမ်းများသည် တိတ်တိတ်လာပြီး တိတ်တိတ်ပြန်သွားတတ်ကြသည်ဟု ဆရာကြီးပီမိုးနင်းက ပြောဖူးသည်။ အခွင့်အလမ်းများရောက်ရှိအလာတွင် ဉာဏ်မျက်စိဖြင့် ယူတတ်မှ အခွင့်အလမ်းကိုရ၏။ ထို့ကြောင့်ပင် အခွင့်အလမ်းဆိုတာ ရအောင်ယူတတ်မှ ရသည်ဟု ဆိုကြ၏။

ကြီးပွားတိုးတက်လိုသောလူတိုင်းသည် တိုးတက်ရာ တိုးတက်ကြောင်း အခွင့်အလမ်းများကို စောင့်မျှော်ရင်း အခြေအနေပေးပါက အရယူတတ်ကြသည်။ အတတ်ပညာရလိုသူများသည် ပညာအတတ် ပေးနိုင်သူကို ချဉ်းကပ်ရ၏။ အလုပ်အကိုင်သစ်ရလိုသူများသည် အလုပ်အကိုင်အခွင့်အလမ်းရှိရာသို့ သွားရ၏။ ချမ်းသာခြင်းကို အလိုရှိသူများသည် ချမ်းသာနိုင်သည့် အကြောင်းတရားများကို ရှာဖွေကြရ၏။ ကျန်းမာလိုသူများသည် ကျန်းမာအောင် နေထိုင်စားသောက်တတ်သည့် အခွင့်အလမ်းများကို မွေးမြူလေ့ကျင့်ရ၏။

တစ်ဖန် အခွင့်အလမ်းကောင်းရရှိရန် လုံ့လ၊ ဝီရိယတည်းဟူသော ကြိုးစားအားထုတ်မှုရှိဖို့လည်း အထူးအရေးကြီးသည်။ ဝီရိယစိုက်ထုတ်မှုအားကောင်းလျှင် အခွင့်အလမ်းကောင်းတွေ့ရသည်။ အခွင့်အလမ်းသည် ဝီရိယသမားများအတွက် အသင့်ရှိနေတတ်၏။ အချို့သောသူများသည် အခွင့်အလမ်းမှန်းသိသော်လည်း လုံ့လ၊ ဝီရိယမရှိသဖြင့် အခွင့်အလမ်းနှင့် လွဲချော်သွားကြရသည်။

သို့ဖြစ်ပါ၍ လူတိုင်းလူတိုင်းသည် အခွင့်အလမ်းကောင်းကို အလိုရှိပါမူ အခွင့်အလမ်းကို အမိအရစွဲကိုင်တတ်သည့် အလေ့အကျင့်၊ အခွင့်အလမ်းကို ချဉ်းကပ်တတ်သော ဉာဏ်အမြော်အမြင်၊ အခွင့်အလမ်းကို ရယူနိုင်မည့် ဝီရိယများ စသည်တို့ ကြိုးစားထားရှိ မွေးမြူသင့်ပါကြောင်း အကြံပြုရေးသား လိုက်ရပေသည်။ ။

တိုင်းပြည်နှင့်လူမျိုးအကျိုး ဖွံ့ဖြိုးတိုးတက်ရေး ပြုပြင်ပြောင်းလဲမှုများ ဖော်ဆောင်စိန်ခေါ်မှုများ ကျော်လွှားနိုင်ရေး အသိတရားနှင့်ယှဉ် သတိတရားဖြင့် ပူးပေါင်းဆောင်ရွက်

နေပြည်တော် မတ် ၂၉

ယဉ်ကျေးမှုဝန်ကြီးဌာန နှစ်(၆၀)ပြည့် နှစ်ပတ်လည်နေ့အခမ်းအနားကို ယနေ့ ညနေ ၄ နာရီတွင် နေပြည်တော်ရှိ ယဉ်ကျေးမှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး ဝန်ထမ်းများအတွက် နှစ်သစ်ကူးအကြိုပံ့ပိုးချီးမြှင့်ငွေနှင့် ထူးချွန်ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

နှစ်(၆၀)ပြည့် နှစ်ပတ်လည်နေ့အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာအကြီးအကဲများ၊ ရုံးအဖွဲ့မှူးများ၊ ယဉ်ကျေးမှုဝန်ကြီးဌာနမှ ဝန်ထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက အဖွင့်အမှာစကား ပြောကြားရာတွင် နှစ်ပတ်လည်နေ့များကျင်းပရာတွင် ရည်ရွယ်ချက်နှစ်ရပ်ဖြင့် ကျင်းပလေ့ရှိပါကြောင်း၊ ပထမရည်ရွယ်ချက်မှာ နှစ်ဟောင်းတွင် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများကို ပြန်လည်သုံးသပ်ပြီး နှစ်သစ်တွင် အားနည်းချက်မရှိအောင် အားသာချက်များ ပိုမိုကောင်းမွန်လာအောင် ဆောင်ရွက်နိုင်ရန်ရည်ရွယ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် သာမက ဌာနတိုင်း၊ ဝန်ထမ်းတိုင်းက ယင်းသို့ သုံးသပ်ဆောင်ရွက်ပါက အနာဂတ်တွင် အောင်မြင်မှုများ ပိုမိုရရှိလာမည်ဖြစ်ကြောင်း။

ဒုတိယရည်ရွယ်ချက်မှာ မိမိတာဝန်ကို ကျေပွန်အောင် ကြိုးပမ်းထမ်းဆောင်ခဲ့ကြသည့် ဂုဏ်ပြုထိုက်သူများကို ချီးမြှင့်ဂုဏ်ပြုခြင်းဖြင့် ကောင်းမွန်သော ယှဉ်ပြိုင်မှုကို တည်ဆောက်ရန် ဖြစ်ကြောင်း၊ ကောင်းသောယှဉ်ပြိုင်မှုကို ဝန်ကြီးဌာနနှင့် ဦးစီးဌာနများကသာမက ဝန်ထမ်းတစ်ဦးချင်းစီကပါ ကြိုးစားဆောင်ရွက်စေလိုကြောင်း။

ဝန်ကြီးဌာနနှင့် ဦးစီးဌာနအသီးသီးအနေဖြင့် ၂၀၁၁ ခုနှစ်တွင် ဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်များကို အတတ်နိုင်ဆုံး ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်ကို အသိအမှတ်ပြုပါကြောင်း၊ ယင်းတို့အနက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို အသွင်သဏ္ဌာန်ရောအနှစ်သာရပါ တစ်မူထူးခြားအောင် ကျင်းပနိုင်ခြင်းနှင့် ၂၀၁၁ ခုနှစ် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ပိတ်ပွဲအခမ်းအနားတွင် မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ခြင်းတို့သည်လည်း အပါအဝင်ဖြစ်ပါကြောင်း။

လာမည့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ရမည့် ရည်မှန်းချက်တာဝန်များအနက် ၂၀၁၃ ခုနှစ် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲနှင့်ပိတ်ပွဲ အခမ်းအနားများကျင်းပရာတွင် အခြားအာဆီယံနိုင်ငံများထက် အဆင့်အတန်းမနိမ့်ကျအောင် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရေး၊ ပြည်နယ်အလိုက် သက်ဆိုင်ရာ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုပြိုင်ပွဲများ ကြိုတင်ကျင်းပရေး၊ ဓမ္မစေတီခေါင်းလောင်း ဆယ်ယူရေးလုပ်ငန်းများအား စတင်ဆောင်ရွက်ရေး၊ ရှေးဟောင်းမြို့ကြီးသုံးမြို့ကို ကမ္ဘာ့ရှေးဟောင်းအမွေအနှစ်စာရင်းတွင် ပါဝင်အောင်ဆောင်ရွက်ရေး၊ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေကို National Archeological Park အဖြစ် စတင်တည်ဆောက်ရေးစသည့် အရေးကြီးလုပ်ငန်းတာဝန်များ ပါဝင်ပါကြောင်း။

ကမ္ဘာ့ရှေးဟောင်းအမွေအနှစ်စာရင်းဝင်အောင်ဆောင်ရွက်ရာတွင် နိုင်ငံတော်၏ အမျိုးသားရေးမူနှင့် ယူနက်စကို၏မူတို့နှင့်ကိုက်ညီအောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင်လည်း မိမိဌာန၏အားနှင့် နိုင်ငံတော်၏အားကိုယူ၍ ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းပြည်နှင့် လူမျိုးအကျိုးကို ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုတိုးတက်ရေးနှင့် အခြားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ပြုပြင်ပြောင်းလဲမှုများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ယင်းသို့ ကြိုးပမ်းဆောင်ရွက်ရာ၌ ကြုံတွေ့ရသည့်အခက်အခဲနှင့် စိန်ခေါ်မှုများကို တားဆီးချေဖျက်ကျော်လွှားနိုင်ရေးအတွက် အသိတရားနှင့်ယှဉ်၍ သတိတရားဖြင့် ပေါင်းစပ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနအောက်ရှိ ဌာနအသီးသီးမှ ဝန်ထမ်းများအတွက် နှစ်သစ်ကူးအကြိုပံ့ပိုးချီးမြှင့်ငွေများအား ဌာနအလိုက် ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများသို့ ပေးအပ်သည်။

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ယဉ်ကျေးမှုဝန်ကြီးဌာနအောက်ရှိ ဌာနအသီးသီးမှ ဝန်ထမ်းများအတွက် နှစ်သစ်ကူးအကြို ပံ့ပိုးချီးမြှင့်ငွေများအား ပေးအပ်စဉ်။ (သတင်းစဉ်)

ဆက်လက်၍ ဝန်ကြီးဌာန၏ မြန်မာ့ရိုးရာထမနဲပြိုင်ပွဲတွင် ပထမဆုရ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန၊ ဒုတိယဆုရ အနုပညာဦးစီးဌာနနှင့် တတိယဆုရ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး) တို့အား လည်းကောင်း၊ ဝန်ထမ်းကောင်းထူးချွန်ဆုရ အရာထမ်းများဖြစ်ကြသည့် အနုပညာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးလှခိုင်နှင့် ဦးစီးအရာရှိ (ဇာတ်စင်ဒါရိုက်တာ) ဦးခင်မောင်ဝင်း၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) စာပေပညာဌာနခွဲမှ ကထိက (အင်္ဂလိပ်စာ)ဒေါ်ကေသီနှင့် ကထိက(အင်္ဂလိပ်စာ)ဒေါ်ထိပ်တင်နှင်း၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး)မှ ဒုတိယဌာနမှူး (စီမံ/ဘဏ္ဍာ) ဦးကျော်မိုး၊ အမျိုးသားစာကြည့်တိုက် (နေပြည်တော်)မှ လက်ထောက်ညွှန်ကြားရေးမှူး (စီမံ/ဘဏ္ဍာ) ဦးကျော်မင်းထွန်း၊ သမိုင်းသုတေသနဦးစီးဌာနမှ ဦးစီးအရာရှိ(ဘဏ္ဍာ) ဒေါ်သီသီအောင်နှင့် ဝန်ကြီးရုံးအဖွဲ့ခွဲ(၁)မှ ဦးစီးအရာရှိ ဦးအောင်ဝင်းတို့အားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်းက ဝန်ထမ်းကောင်း ထူးချွန်ဆုရရှိသူ အမှုထမ်းနှင့် အမှုထမ်းငယ် ၁၁ ဦးတို့အား ဆုများချီးမြှင့်သည်။

ဆက်လက်၍ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်က ပညာရပ်ထူးချွန်ဆုရရှိသူ အရာထမ်းနှင့်အမှုထမ်း ၁၂ ဦးတို့အား ဆုများချီးမြှင့်သည်။

ယင်းနောက် ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်၊ သမိုင်းသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်နန္ဒာမွန်းနှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး)မှ တာဝန်ခံပါမောက္ခချုပ် ဒေါ်ခင်ကြည်ပြာတို့က သုတေသနစာတမ်းထူးချွန်ဆုရရှိသူများ၊ ပြည်တွင်း ပြည်ပသင်တန်းစွမ်းဆောင်ရည် ထူးချွန်ဆုရရှိသူများနှင့် ဌာနတွင်း သင်တန်းထူးချွန်ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)မှ ကထိက (မြန်မာစာ) ဒေါက်တာကျော်မင်းက ဝန်ထမ်းများကိုယ်စား ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် အနုပညာဦးစီးဌာနမှအနုပညာရှင်များက မြန်မာ့ရိုးရာယဉ်ကျေးမှု အကပဒေသာများဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။ **(သတင်းစဉ်)**

❖ ရွှေ့ဖုံးမှ

ကျင်းပမည့် လွှတ်တော်နေရာများမှာ စစ်ကိုင်းတိုင်းဒေသကြီးတွင် ပြည်သူ့လွှတ်တော် (၃) နေရာ၊ အမျိုးသားလွှတ်တော် (၂)နေရာ၊ တနင်္သာရီတိုင်းဒေသကြီးတွင် ပြည်သူ့လွှတ်တော်(၂) နေရာ၊ ပဲခူးတိုင်းဒေသကြီးတွင် ပြည်သူ့လွှတ်တော် (၄) နေရာ၊ အမျိုးသားလွှတ်တော် (၁)နေရာ၊ တိုင်းဒေသကြီးလွှတ်တော် (၁)နေရာ၊ မကွေးတိုင်းဒေသကြီးတွင် ပြည်သူ့လွှတ်တော် (၅) နေရာ၊ အမျိုးသားလွှတ်တော်(၁)နေရာ၊ မန္တလေးတိုင်းဒေသကြီးတွင် ပြည်သူ့လွှတ်တော် (၁၀) နေရာ၊ မွန်ပြည်နယ်တွင် ပြည်သူ့လွှတ်တော် (၁)နေရာ၊ ရန်ကုန်တိုင်းဒေသကြီးတွင် ပြည်သူ့လွှတ်တော် (၆) နေရာ၊ ရှမ်းပြည်နယ်တွင် ပြည်သူ့လွှတ်တော်(၁) နေရာ၊ အမျိုးသားလွှတ်တော် (၁)နေရာ၊ ဧရာဝတီတိုင်းဒေသကြီးတွင် ပြည်သူ့လွှတ်တော် (၅) နေရာ၊ အမျိုးသားလွှတ်တော် (၁) နေရာ၊ တိုင်းဒေသကြီး လွှတ်တော်(၁)နေရာ စုစုပေါင်း ပြည်သူ့ လွှတ်တော်(၃၇)နေရာ၊ အမျိုးသား လွှတ်တော် (၆) နေရာ၊ တိုင်းဒေသကြီး လွှတ်တော် (၂)နေရာတို့ ဖြစ်ပါကြောင်း။

လုံခြုံရေးအခြေအနေအရ ကျင်းပနိုင်ခြင်းမရှိသည့် ကချင်ပြည်နယ် ပြည်သူ့လွှတ်တော်(၃)နေရာအား နယ်မြေလုံခြုံရေး အခြေအနေပေးသည့်အချိန်တွင် ပြန်လည်ကျင်းပပေးမည်ဖြစ်ပါကြောင်း။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၇ အရ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို ကျင့်သုံးနေပါကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ရွေးကောက်ပွဲများကို လွတ်လပ်တရားမျှတစွာဖြင့် ဘက်လိုက်မှုကင်းရှင်းစွာ ကြီးကြပ်ကျင်းပပေးသွားမည် ဖြစ်ပါကြောင်း။

ကြားဖြတ်ရွေးကောက်ပွဲသို့ လေ့လာကြည့်ရှုရန် ဖိတ်ကြားထားသော ပုဂ္ဂိုလ်များသည် ကြားဖြတ်ရွေးကောက်ပွဲပြုလုပ်ပေးမည့်မဲဆန္ဒနယ်အသီးသီးကို လွတ်လပ်စွာ သွားလာနိုင်ပြီး ရွေးကောက်ပွဲ ကျင်းပဆောင်ရွက်နေမှုများကို ရွေးကောက်ပွဲဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းထားချက်များနှင့်အညီ လွတ်လပ်စွာ ကြည့်ရှုလေ့လာနိုင်ပါကြောင်း၊ သတင်းရိုက်ကူးခြင်းကိုလည်းရွေးကောက်ပွဲဥပဒေအရ ကန့်သတ်ထားသောမဲရုံအတွင်းမှအပ လွတ်လပ်စွာ သတင်းရယူနိုင်ပါကြောင်း၊ မိမိသွားရောက်လေ့လာကြည့်ရှုလိုသည့် ကြားဖြတ်ရွေးကောက်ပွဲကျင်းပရာ မဲဆန္ဒနယ်မြေများကို ယခုရှင်းလင်းပွဲပြီးပါက သတ်မှတ်ပုံစံတွင်ဖြည့်သွင်း၍ ဆန္ဒပြုခဲ့ရန် မေတ္တာရပ်ခံလိုပါကြောင်း၊ ခရီးသွားလာစဉ်အတွင်း တွေ့ကြုံရနိုင်သည့် အခက်အခဲများနှင့်လုံခြုံရေးတို့အတွက် ညှိနှိုင်းပေးမှုနှင့်အကူအညီများကို ဆောင်ရွက်ပေးနိုင်ရန် ဖြစ်ပါကြောင်း၊ ပုံစံများကို မဖြည့်မနေရ မဟုတ်ဘဲ ဖြည့်လိုသည့်ဆန္ဒရှိလျှင် ဖြည့်နိုင်ပါကြောင်း။

မိမိအနေဖြင့် ရွေးကောက်ပွဲနည်းဥပဒေတွင် မဲရုံနှင့်ပတ်သက်၍ ပြဋ္ဌာန်းချက်များကို ထုတ်နုတ်တင်ပြလိုပါကြောင်း၊ ၎င်းတို့မှာ ရွေးကောက်ပွဲနည်းဥပဒေ ၃၉ (က)အရ မဲဆန္ဒရှင်များသည် လွတ်လပ်လွယ်ကူစွာ လျှို့ဝှက်ဆန္ဒပြုနိုင်ရေးကို ရှေးရှု၍ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲနည်းဥပဒေ ၄၈ တွင် မဲရုံမှူးသည် မဲရုံ၌ ငြိမ်ဝပ်ပိပြားမှုရှိစေရန်လည်းကောင်း၊ ရွေးကောက်ပွဲကို တရားမျှတစွာ ဖြစ်စေရန်လည်းကောင်း၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအား မဲရုံအတွင်းသို့ စည်းကမ်းတကျ ဝင်ခွင့်ပေးရန် လည်းကောင်း စီမံဆောင်ရွက်ရမည်ဟု ဖော်ပြထားပါကြောင်း၊ ၎င်းအပြင် ဆန္ဒမဲစတင်ပေးသည့်အချိန်မှ ဆန္ဒမဲပေးခြင်း ပြီးဆုံးသည့်အချိန်အထိ မဲရုံအတွင်းသို့ မဲရုံအဖွဲ့ဝင်များ၊ ဆန္ဒမဲပေးမည့်သူများ လုံခြုံရေးတာဝန်ပေးအပ်ခံရသူများ၊ ၎င်းအပြင် ဥပဒေအရခွင့်ပြုထားသည့် စာမတတ်ခြင်း၊ မျက်မမြင်ဖြစ်ခြင်းတို့ကြောင့် ဆန္ဒမဲမပေးတတ်လျှင် ဆန္ဒမဲပေးသူအား ကူညီမည့် ယင်းမဲစာရင်းတွင်ပါရှိသော ၎င်းမဲဆန္ဒရှင်၏ မိဘ၊ ဇနီး/ခင်ပွန်း၊ သား/သမီး၊ ညီအစ်ကိုမောင်နှမအရင်းအချာများ၊ ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲဝင်များ၊ သက်ဆိုင်ရာ မဲဆန္ဒနယ်အတွက် ရွေးကောက်တင်မြှောက်ခံမည့်လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ယင်းတို့၏ ရွေးကောက်ပွဲ ကိုယ်စားလှယ်များ၊ မဲရုံကိုယ်စားလှယ်များနှင့်အတူ ကိုယ်စားလှယ်များတို့မှတစ်ပါး အခြားမည်သူမျှ မဝင်ရကြောင်း ဖော်ပြထားပါကြောင်း။

ထို့အပြင် လေ့လာရေးအဖွဲ့ဝင်များအနေဖြင့် ရွေးကောက်ပွဲဥပဒေအခန်း ၁၃ ပါ ပြဋ္ဌာန်းချက်များကို ဆန့်ကျင်ခြင်း မဖြစ်ရန်အတွက် ကြိုတင်လေ့လာ သိရှိထားရန်လည်း လိုအပ်ပါကြောင်း၊ ထုတ်နုတ်တင်ပြရပါက ပုဒ်မ ၆၀ ၌ ရွေးကောက်ပွဲနေ့၌ မဲဆန္ဒရှင်တစ်ဦးဦးအား နှောင့်ယှက်ခြင်း၊ ပုဒ်မ ၆၁ ၌ ရွေးကောက်ပွဲနေ့တွင် မဲရုံအတွင်းနှင့် မဲရုံမှ ကိုက် ၅၀၀ အတွင်း မဲဆွယ်ခြင်း၊ တစ်ဦးတစ်ယောက်ကို မဲပေးရန်၊ ဆန္ဒမဲမပေးဘဲနေရန် တိုက်တွန်းသွေးဆောင်ခြင်း၊ပုဒ်မ ၆၃ ၌ ရွေးကောက်ပွဲနေ့တွင် မဲပေးချိန်အတွင်း မဲရုံမှူး၏ အမိန့်ကိုငြင်းဆန်ပြီး မဲရုံအတွင်းသို့ဝင်ရောက်ခြင်း၊ ပုဒ်မ ၆၄ ၌ ရွေးကောက်ပွဲ ပြစ်မှုများကို မဟုတ်မမှန် စွပ်စွဲတိုင်တန်းခြင်းတို့ ပြဋ္ဌာန်းထားပါကြောင်း။

မဲရုံအသီးသီး၌ ကြည့်ရှုလေ့လာရာတွင် ရွေးကောက်ပွဲဥပဒေအရ မဲရုံအတွင်းသို့ ဝင်ရောက်ခွင့်မရှိခြင်းမှအပ မဲရုံပြင်ပ မြင်သာသော နေရာများတွင် မဲပေးမှု လုပ်ငန်းစဉ်တစ်ခုလုံးကို လေ့လာကြည့်ရှုနိုင်ပါကြောင်း၊ ဆန္ဒမဲပေးမှု၊ မဲရေတွက်မှုများကို မဲရုံပြင်ပ မြင်သာသော နေရာမှ လေ့လာကြည့်ရှုနိုင်ပါကြောင်း၊ ရွေးကောက်ပွဲဥပဒေအရ မဲရုံအတွင်းသို့ ဝင်ခွင့်မရှိပါကြောင်း၊ လေ့လာသူများသည် နိုင်ငံရေးပါတီများ၊ ကိုယ်စားလှယ်လောင်းများနှင့် အများပြည်သူတို့ကို လွတ်လပ်စွာ တွေ့ဆုံမေးမြန်းခွင့်ရှိသော်လည်း ဆန္ဒမဲပေးမှုကို အနှောင့်အယှက်မဖြစ်စေရပါကြောင်း၊ မဲရေတွက်ခြင်းကို လေ့လာ စောင့်ကြည့်ခွင့်ရှိသော်လည်း ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်နှင့် မဲရုံအဖွဲ့၏ တာဝန်ထမ်းဆောင်မှုကို အနှောင့်အယှက်မဖြစ်စေရပါကြောင်း၊ မဲရုံများတွင် လျှို့ဝှက်ဆန္ဒမဲပေးခြင်းကို အနှောင့်အယှက်မဖြစ်စေရပါကြောင်း။

လေ့လာသူများအနေဖြင့် ဝါဒစွဲ၊ ပါတီစွဲကင်းပြီး ဘက်လိုက်မှုမရှိရန် လိုအပ်ပါကြောင်း၊ နိုင်ငံရေးပါတီတစ်ခုအပေါ်တွင်လည်းကောင်း၊ကိုယ်စားလှယ်လောင်းတစ်ဦးအပေါ်တွင်လည်းကောင်း၊ ထောက်ခံအားပေးခြင်း၊ ဆန့်ကျင်ကန့်ကွက်ခြင်း ပြုရာရောက်သည့် အပြုအမူ/ အပြောအဆိုများ မပြုလုပ်ရန်လိုအပ်ပါကြောင်းလည်း အထူးမေတ္တာရပ်ခံလိုပါကြောင်း၊ ကြားဖြတ်ရွေးကောက်ပွဲသို့ လေ့လာရန် ဖိတ်ကြားထားသည့် ပုဂ္ဂိုလ်များအနေဖြင့် သက်ဆိုင်ရာမြို့နယ်အလိုက် ဆန္ဒမဲပေးခြင်း စတင်ချိန်မှ မဲပေးခြင်းပြီးဆုံး၍ မဲရေတွက်သည့်အချိန်အထိ မဲပေးခြင်းလုပ်ငန်းစဉ်တစ်ခုလုံးကို လေ့လာနိုင်ပါကြောင်း။

ကြားဖြတ်ရွေးကောက်ပွဲ လေ့လာမှုအစီအစဉ် ပြီးဆုံးပြီးနောက် ရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ သုံးသပ်ချက်၊ အကြံပြုချက်များ ပေးလိုပါက ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သို့ သံတမန်လမ်းကြောင်းမှ စာဖြင့် တရားဝင်ပေးပို့နိုင်ပါကြောင်း။

စောင့်ကြည့် လေ့လာသူများ၏ နေထိုင်၊ သွားလာ၊ စားသောက်မှုများအတွက် ကုန်ကျစရိတ်အားလုံးကို လေ့လာရေးအဖွဲ့များမှ မိမိစရိတ်ဖြင့် မိမိကိုယ်တိုင် တာဝန်ယူကျခံရမှာ ဖြစ်ပါကြောင်း၊ ခရီးသွားလာမှုကို ကူညီရန် သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီးရှိ အာဏာပိုင်များနှင့် မိမိတို့ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

ယခုရှင်းလင်းပွဲပြီးဆုံးပါက မိမိတို့သွားရောက်လေ့လာရန် ဆန္ဒပြုထားသည့် မဲဆန္ဒနယ်မြေများသို့ သွားရောက်နိုင်ရန် လေကြောင်းလိုင်းကောင်တာ (၂) ခုနှင့် ဟိုတယ်အခန်းများရရှိရေးအတွက် ဟိုတယ်ကောင်တာ (၁) ခုတို့ကို ယခု နိုင်ငံခြားရေးဝန်ကြီးဌာနတွင် ဖွင့်လှစ်ပေးထားပါကြောင်း၊ လေယာဉ်လက်မှတ်များနှင့် ဟိုတယ်အခန်းများကို ချက်ချင်းလက်ငင်း ဝယ်ယူ/ငှားရမ်းရရှိနိုင်ပါကြောင်း ပြောကြားလိုပါကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို လေးစားလိုက်နာရန်နှင့် ရွေးကောက်ပွဲကို ကြီးကြပ်ကျင်းပနေသည့် ကော်မရှင်၊ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်၊ မဲရုံအဖွဲ့နှင့် လုံခြုံရေးအဖွဲ့တို့က ဥပဒေနှင့်အညီ သတ်မှတ်ညွှန်ကြားသည့် စည်းကမ်းများကို လိုက်နာပေးရန် အထူးမေတ္တာရပ်ခံလိုပါကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ဥပဒေနှင့်အညီ သတ်မှတ်ထားသော စည်းမျဉ်း စည်းကမ်းများကို ချိုးဖောက်ပါက ယင်းသို့ ချိုးဖောက်သူအား ရွေးကောက်ပွဲကော်မရှင်အနေဖြင့် လေ့လာခွင့်ပြုထားခြင်းကို ပြန်လည်ရုပ်သိမ်းနိုင်ခွင့်ရှိပါကြောင်းကိုလည်း အသိပေးလိုပါကြောင်း။

ဧပြီ ၁ ရက်တွင် ပြုလုပ်မည့် ကြားဖြတ်ရွေးကောက်ပွဲကို လေ့လာရန် ကြွရောက်လာသူအားလုံးနှင့် စေလွှတ်သော သက်ဆိုင်ရာ နိုင်ငံအစိုးရများကို ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် တာဝန်ရှိသူများက ရှင်းလင်းပွဲသို့ တက်ရောက်လာကြသူများအား ကြားဖြတ်ရွေးကောက်ပွဲတွင် ဖိတ်ကြားထားသည့် လေ့လာရေးအဖွဲ့များ လိုက်နာဆောင်ရွက်ရန် အချက်များ စာအုပ်များကို ပေးဝေကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က ရှင်းလင်းပွဲသို့ တက်ရောက်လာကြသည့် သံတမန်များ၊လေ့လာသူများ၏ မေးမြန်းချက်များကို ရှင်းလင်းဖြေကြားသည်။ **(သတင်းစဉ်)**

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် အမှတ်(၈)နှင့် အမှတ်(၉) ရပ်ကွက်ကြားရှိ အမှတ်(၃) မေတ္တာပေါင်းကူး သံကူကွန်ကရစ်တံတားဖွင့်ပွဲကို မတ် ၂၇ ရက်က အဆိုပါ တံတားမုခ်ဦးရှေ့၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဦး၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မိုးဦး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများဖြစ်သော ဦးသိန်းနိုင်၊ ဦးထွန်းဝေနှင့် တံတားဖြစ်မြောက်ရေး အကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးရွှေစိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (၁၆၆)

30-3 (03).pmd 1 3/30/2012, 1:56 AM

ရှမ်းပြည်နယ်အတွင်းရှိ ဒေသခံတိုင်းရင်းသားပြည်သူများ စိုက်ပျိုးရေးအတွက်သာမက သောက်သုံးရေရရှိရေးအတွက်ပါ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည့် ဆည်တမံကန်များ

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ်တွင် တည်ဆောက်ပေးထားသည့် ဟူးမွန်ရေလှောင်တမံ အကျိုးကျေးဇူးကြောင့် ရာသီမရွေး စိုက်ပျိုးမှု ဖြစ်ထွန်းသည့် အောင်ရေ ရရှိလျက်ရှိသည်။ (ဝဲပုံ)

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ္မတူမြို့နယ် အတွင်းရှိ မုန်းရင်းဆည်တမံ(အောက်ဝဲပုံ)မှ စိုက်ပျိုးရေနှင့် သောက်သုံးရေများကို ဒေသခံတိုင်းရင်းသား ပြည်သူများအား ပေးဝေလျက်ရှိသည်။

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ်တွင် ကလောရေအေးကန်ကို တည်ဆောက်ပေးထားသဖြင့် ကလောမြို့နေပြည်သူများ သန့်ရှင်းသော သောက်သုံး ရေသာမက စိုက်ပျိုးရေပါ ရရှိလျက်ရှိသည်။ *[ကလော မြို့ ရေအေးကန်တွင် သန့်ရှင်းအေးမြသောရေကို သိုလှောင်ထားလျက်ရှိသည်။]* (အောက်ပုံ)



သတင်းမှတ်စု – မောင်ငြိမ်းအေး

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ်တွင် တည်ဆောက်ပေးထားသော နမ့်ကျန့်ရေလှောင်တမံမှ ဒေသခံတိုင်းရင်းသားပြည်သူများအတွက် သောက်သုံးရေနှင့် စိုက်ပျိုးရေ ပေးဝေလျက်ရှိသည်။

ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း

ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ

(၂၀၁၂ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၇။)

၁၃၇၃ ခုနှစ်၊ တန်ခူးလဆန်း ၆ ရက်

(၂၀၁၂ ခုနှစ်၊ မတ်လ ၂၈ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေ ပုဒ်မ ၂၇ နောက်တွင် အောက်ပါပုဒ်မကို ပုဒ်မ ၂၇-က အဖြစ် ဖြည့်စွက်ရမည် -

၂၇-က။ မည်သူမဆို ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ထံမှ ထိုသူ၏ ဆန္ဒအလျောက် ကမ်းလှမ်းခြင်းမဟုတ်ဘဲ အကျိုးစီးပွား ထိခိုက်စေမည်ဟု ခြိမ်းခြောက်ခြင်း သို့မဟုတ် အပြစ်ပေးမည်ဟု ခြိမ်းခြောက်ခြင်းဖြင့် ထိုသူ၏ လုပ်အား သို့မဟုတ် ဝန်ဆောင်မှုကို အဓမ္မရယူခိုင်းစေမှုပြုလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ သက်ဆိုင်ရာ တရားရုံးက ချမှတ်ရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

World Health Organization

၂၀၁၂ ခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့
ဧပြီလ (၇) ရက်နေ့

သက်ကြီးသူတို့ကျန်းမာဖို့ လူမှုဘဝမြင့်တင်စို့

World Health Day 2012
7 April
Ageing and Health
''Good health adds life to years''

ကျန်းမာရေးဝန်ကြီးဌာန

အိပ်ချ်အိုင်ဗွီ/ အေအိုင်ဒီအက်စ်ဆိုင်ရာ ရည်မှန်းချက်များ ရရှိအောင် မိတ်ဖက်အဖွဲ့ အစည်းများအားလုံး ပူးပေါင်းဆောင်ရွက်

နေပြည်တော် မတ် ၂၉

ခုခံကျ/ကာလသားရောဂါ တိုက်ဖျက်ရေးစီမံချက်နှင့်အတူ လက်တွဲဆောင်ရွက်နေသည့် ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာ လူမှုရေးအဖွဲ့အစည်းများသည် အိပ်ချ်အိုင်ဗွီ ရောဂါပိုးရှိသူများအား ကုသမှုများ၊ ပြုစုစောင့်ရှောက်မှုများ ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံတစ်ဝန်းလုံး တစ်ပြေးညီဖြစ်စေရန်အတွက် အိပ်ချ်အိုင်ဗွီ/ အေအိုင်ဒီအက်စ် ပြုစုကုသမှုဆိုင်ရာ လမ်းညွှန်စာအုပ်အသစ်ကို ကျန်းမာရေးဝန်ကြီးဌာနက အတည်ပြုပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ဆောင်ရွက်

မြန်မာနိုင်ငံတွင် ကျန်းမာရေးဦးစီးဌာန ခုခံကျ/ကာလသားရောဂါ တိုက်ဖျက်ရေးစီမံချက်နှင့် ပူးပေါင်းဆောင်ရွက်နေသည့် နှီးနွှယ်ဝန်ကြီးဌာနများ၊ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများ၊ ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာ လူမှုရေးအဖွဲ့အစည်းများ ဝိုင်းဝန်းပူးပေါင်း၍ အမျိုးသားမဟာဗျူဟာစီမံကိန်း ၂၀၁၁-၂၀၁၅ ကို အကောင်အထည်ဖော်ခဲ့ပြီး အိပ်ချ်အိုင်ဗွီကူးစက်မှု လျော့နည်းပပျောက်ရေး၊ အိပ်ချ်အိုင်ဗွီပိုးနှင့် ဆက်နွှယ်၍ ဖြစ်ပေါ်လာသောသေဆုံးမှု၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ထိခိုက်မှုများ လျော့နည်းပပျောက်ရေးကို ဆောင်ရွက်လျက်ရှိကြောင်း။

ယခုကုသမှုဆိုင်ရာ လမ်းညွှန်အသစ်သည် ၂၀၀၇ ခုနှစ်က အိပ်ချ်အိုင်ဗွီပိုးရှိသူ လူကြီးနှင့် ဆယ်ကျော်သက်များအား ပြုစုကုသမှုလမ်းညွှန်ကို ပြန်လည်သုံးသပ်ပြုစုထားခြင်းဖြစ်ကြောင်း၊ ပြည်သူ့ကျန်းမာရေးဆိုင်ရာရှုထောင့်ဖြင့် ၂၀၁၀ ခုနှစ် ပြုစုကုသမှုလမ်းညွှန်ကို ပြန်လည်သုံးသပ်ပြုစုပြီး ဖွံ့ဖြိုးဆဲ နိုင်ငံများအတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပုံနှိပ်ထုတ်ဝေခဲ့ခြင်းဖြစ်ကြောင်း။

၂၀၁၅ ခုနှစ်တွင် အိပ်ချ်အိုင်ဗွီ/ အေအိုင်ဒီအက်စ်ဆိုင်ရာ ရည်မှန်းချက်များဖြစ်သည့် Zero New HIV Infection, Zero Stigma and Discrimination, Zero AIDS Related Death များရရှိအောင် မိတ်ဖက်အဖွဲ့အစည်းများအားလုံး ပူးပေါင်းဆောင်ရွက်ခြင်းတိုးမြှင့်ပြီး စနစ်ကျစွာ အရှိန်အဟုန်မပျက် ဝိုင်းဝန်း ဆောင်ရွက်နိုင်ကြမည်ဟု ယုံကြည်ပါကြောင်းဖြင့် ယမန်နေ့နံနက် ၉ နာရီက နေပြည်တော်ရှိ သင်္ဂဟဟိုတယ် Function Hall ခန်းမ၌ ကျင်းပသည့် "Dissemination Workshop on National Guidelines for the Clinical Management of HIV Infection in Adults, Children and Prevention of Mother to Child transmission of HIV in Myanmar" အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနား၌ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ပြောကြားသည်။ **(အပေါ်ယာပုံ)**

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အပြည်ပြည်ဆိုင်ရာ လူမှုရေးအဖွဲ့အစည်းများနှင့် ပြည်တွင်းလူမှုရေး အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကယားပြည်နယ်ဝန်ကြီးချုပ် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု ဆုချီးမြှင့်ပွဲတက်ရောက်

နေပြည်တော် မတ် ၂၉

ကယားပြည်နယ် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု ဆုချီးမြှင့်ပွဲနှင့် စာအုပ်စာစောင်များ၊ မီဒီယာပစ္စည်းများ လှူဒါန်းပွဲ အခမ်းအနားကို မတ် ၂၄ ရက် နံနက် ၈ နာရီက လွိုင်ကော်မြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦးက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးစိုင်းသိန်းလွင်က စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှု လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် စာစီစာကုံး၊ ကဗျာနှင့် ကျပန်းစကားပြောပြိုင်ပွဲများတွင် ဆုရ ကျောင်းသား ကျောင်းသူများအား ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးကျော်ဆွေနှင့် ပြည်နယ်ဝန်ကြီးများက ဆုများချီးမြှင့်ခဲ့ကြသည်။

ရှင်းလင်းတင်ပြ

မိုးပွင့်အဆင့် (၂)ဖြေလျှော့နည်းအရ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးရေးလုပ်ငန်းဆောင်ရွက်မှု ရှင်းလင်းတင်ပြခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲ အခမ်းအနားကို မတ် ၂၆ ရက် နံနက် ၁၀ နာရီတွင် လွိုင်ကော်မြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦးက အဖွင့်အမှာစကားပြောကြားပြီး ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ဦးချိုထွန်းက ဖြေလျှော့နည်းဖြင့် ဆောင်ရွက်လျက်ရှိသည့် မိုးပွင့်စီမံချက် အဆင့် (၂) ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက ဆောင်ရွက်ပြီးစီးသော နိုင်ငံသားစိစစ်ရေး ကတ်ပြားများအား တိုင်းရင်းသားပြည်သူများထံ ပေးအပ်ခဲ့ကြသည်။ **(သတင်းစဉ်)**

အင်ဒိုရာနိုင်ငံ နိုင်ငံအကြီးအကဲထံ သံအမတ်ကြီး ဦးကျော်စွာမင်း ခန့်အပ်လွှာပေးအပ်

နေပြည်တော် မတ် ၃၀

အင်ဒိုရာနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးကျော်စွာမင်းသည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၁၂ ခုနှစ် မတ် ၁၃ ရက်တွင် အေပီစကိုပါလ်နန်းတော်၌ အင်ဒိုရာနိုင်ငံ နိုင်ငံအကြီးအကဲ မွန်စီယာဂျိုအမ်း အန်ရစ် ဗီဗက်စ် စစ်စီလီယာထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ **(သတင်းစဉ်)**

ကိုရီးယားသမ္မတနိုင်ငံ သမ္မတထံ သံအမတ်ကြီး ဦးညွှန့်လှိုင် ခန့်အပ်လွှာပေးအပ်

နေပြည်တော် မတ် ၃၀

ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးညွှန့်လှိုင်သည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၁၂ ခုနှစ် မတ် ၁၉ ရက်တွင် ဆိုးလ်မြို့၌ ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာ အီမြောင်ဘတ်ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ **(သတင်းစဉ်)**

ကျောက်မဲမြို့နယ်(ရန်ကုန်)အသင်း တတိယအကြိမ်မြောက် သက်ကြီးပူဇော်ပွဲကျင်းပမည်

နေပြည်တော် မတ် ၂၉

ကျောက်မဲမြို့နယ်(ရန်ကုန်)အသင်း၏ တတိယအကြိမ်မြောက် သက်ကြီးပူဇော်ပွဲနှင့် ဆဋ္ဌမအကြိမ်မြောက် အသင်းသား အသင်းသူများ တွေ့ဆုံပွဲအခမ်းအနားကို ဧပြီ ၁ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရေတာရှည်လမ်းဟောင်း ကမ္ဘောဇသာသနာ့ရိပ်သာ၌ ကျင်းပမည်ဖြစ်ရာ ရန်ကုန်ရောက် ကျောက်မဲမြို့သူ မြို့သားများအား အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ မပျက်မကွက်တက်ရောက်နိုင်ရန် ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဝက်သက်ကာကွယ်ဆေးထိုး

အစုလိုက် ဝက်သက်ကာကွယ် ဆေးထိုးလုပ်ငန်း ၂၀၁၂ ကို မတ် ၂၄ရက်က လှိုင်မြို့နယ် အမှတ် (၉) ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပရာ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်ကြည်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ရွှေစင်ဝင်း၊ မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ ဒေါ်ဌေးဌေးလှိုင်နှင့် ကျန်းမာရေးဝန်ထမ်းများက ကလေးများအား ဝက်သက်ကာကွယ်ဆေးထိုးနှံပေးစဉ်။ (၁၂၂)

နိုင်ငံသားစိစစ်ရေးကတ်များပေးအပ်ပွဲ ကျင်းပ

ပင်လုံ မတ် ၂၉

လွိုင်လင်ခရိုင် ပင်လုံမြို့ တန့်အက်ကျေးရွာအုပ်စုရှိ ဒေသခံတိုင်းရင်းသားပြည်သူများအား မိုးပွင့်အဆင့် (၂)အရ နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကို မတ် ၁၉ရက်က ကျင်းပရာ လွိုင်လင်ခရိုင်ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းထွန်းဦးက နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၁၂ကတ်ကို တာဝန်ရှိသူများအား ပေးအပ်ခဲ့ကြောင်း သိရသည်။ **(လဝက)**

မတ် ၂၃ ရက်က ပုသိမ်မြို့ အမှတ်(၈)ရပ်ကွက်နှင့် မြို့ပေါ်ရပ်ကွက်များတွင် အစုလိုက်ဝက်သက်ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများ ဆောင်ရွက်ရာ ဧရာဝတီတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ခင်ဌေးမြင့်၊ ဥက္ကဋ္ဌ ဒေါ်သက်သက်ဆွေနှင့် အဖွဲ့ဝင်များက ဝက်သက်ကာကွယ်ဆေးထိုးပြီးနောက် ကလေးငယ် များအတွက် စားစရာများ ထောက်ပံ့ပေးအပ်စဉ်။ (မြန်မာ့အလင်း)

၂၀၁၂ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ

၂၀၁၂ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ
(၂၀၁၂ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၆။)
၁၃၇၃ ခုနှစ်၊ တန်ခူးလဆန်း ၆ ရက်
(၂၀၁၂ ခုနှစ်၊ မတ်လ ၂၈ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အပိုင်း ၁
အမည်နှင့် စတင်အကျိုးသက်ရောက်သည့်နေ့ရက်

၁။ (က) ဤဥပဒေကို ၂၀၁၂ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေဟု ခေါ်တွင်စေရမည်။
(ခ) ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွက် ၂၀၁၂ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်အကျိုးသက်ရောက်စေရမည်။

အပိုင်း ၂
နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ လွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့်ဦးစီးဌာနများ

အခန်း(၁)
ရငွေများနှင့်သုံးငွေများ

၂။ နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ လွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့်ဦးစီးဌာနများသည် ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ဆောင်ရွက်၍ ရသောရငွေများကို ပြည်ထောင်စု၏ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃။ (က) နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ လွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စု စာရင်းစစ်ချုပ်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁)၊ (၂)၊ (၃)နှင့် (၄)တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။
(ခ) ပုဒ်မခွဲ (က)ပါ တာဝန်ခံရသည့်ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။
(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။
(ဃ) ဇယား (၁)နှင့် (၃)တို့တွင် ဖော်ပြလျာထားသော ရငွေများအနက် ပြည်ပအကူအညီရငွေ၊ ချေးယူရငွေတို့သည် လျာထားသည်ထက်ပိုမိုရရှိလျှင် ယင်းသို့ ပိုမိုရရှိသောငွေများဖြင့် ဆက်နွယ်ထားသည့် လုပ်ငန်းအသုံးစရိတ်များကြောင့် ဇယား (၂)နှင့် (၄)တို့တွင် ဖော်ပြခွင့်ပြုထားသော သုံးငွေများထက် ပိုမိုသုံးစွဲရန် လိုအပ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့က စိစစ်သုံးသပ်၍ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ခွင့်ပြုနိုင်သည်။ သို့ရာတွင် ယင်းသို့ ချေးယူသုံးစွဲသည့်ငွေသည် ပုဒ်မ ၁၁ တွင် သတ်မှတ်ထားသည့်ငွေထက် မပိုစေရ။

၄။ (က) နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ လွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများသည် ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် ဤဥပဒေအရ လျာထားသောရငွေတို့ထက် တိုး၍ဖြစ်စေ၊ လျော့၍ဖြစ်စေ ရသောရငွေများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသော ၂၀၁၂-၂၀၁၃ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ အခွန်ဆိုင်ရာဥပဒေများနှင့်အညီ ရသင့်ရထိုက်သော အခွန်ငွေများ အပြည့်အဝ ရရှိစေရမည်။
(ခ) နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ လွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စု စာရင်းစစ်ချုပ်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများသည် သုံးငွေများကို စီမံခန့်ခွဲရာတွင် ဤဥပဒေအရ ခွင့်ပြုထားသော သုံးငွေများအတွင်း ငွေစာရင်းခေါင်းစဉ်လွှဲပြောင်းသုံးစွဲသည့် အသုံးစရိတ်များနှင့်စပ်လျဉ်း၍လည်းကောင်း၊ ပုဒ်မ ၃ ပုဒ်မခွဲ (ဃ)အရ ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် သုံးစွဲသည့် အသုံးစရိတ်များနှင့်စပ်လျဉ်း၍လည်းကောင်း ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသော ၂၀၁၂-၂၀၁၃ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။
(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤဥပဒေ၏ ပုဒ်မ ၃ ပုဒ်မခွဲ(ဃ) အရ ပိုမိုသုံးစွဲရန် ခွင့်ပြုသည့် ကိစ္စရပ်များကို ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြအတည်ပြုချက် ရယူရမည်။

၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဘဏ္ဍာရေးကော်မရှင်နှင့် ညှိနှိုင်းရရှိသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၏ အရအသုံးခန့်မှန်းခြေ ငွေစာရင်းများအရ လိုအပ်သည့်ငွေကို ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေမှ သင့်တင့်လျောက်ပတ်စွာ ဖြည့်ဆည်းပေးခြင်း၊ အထူးကိစ္စတစ်ရပ်အနေဖြင့် ထောက်ပံ့ခြင်း၊ လိုအပ်သည့်ချေးငွေများထုတ်ချေးခြင်းတို့ကို ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ခွင့်ပြုနိုင်သည်။

အခန်း(၂)
သီးသန့်ရန်ပုံငွေ

၆။ (က) နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ လွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများသည် ဇယား(၄) စာတိုင်(၄)တွင် ဖော်ပြထားသော သီးသန့်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို အောက်ပါစည်းကမ်းချက်များနှင့်အညီသာလျှင် ဆောင်ရွက်ခွင့်ရှိသည်-
(၁) ကြိုတင်မမျှော်မှန်းနိုင်သော သဘာဝဘေးအန္တရာယ်များအတွက် အသုံးစရိတ်ဖြစ်ခြင်း၊
(၂) ဘဏ္ဍာရေးနှစ်အတွင်း မသုံးစွဲလျှင်မဖြစ်သည့် အထူးကိစ္စရပ်ဖြစ်ခြင်း၊
(၃) တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများအရ ခေါင်းစဉ်လွှဲပြောင်းကျခံရန် မဖြစ်နိုင်ခြင်း သို့မဟုတ် ခေါင်းစဉ်လွှဲပြောင်းကျခံရန်အတွက် ရန်ပုံငွေမရှိခြင်း။
(ခ) သီးသန့်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်အရသာ ခွင့်ပြုရမည်။
(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့သည် သီးသန့်ရန်ပုံငွေမှ ကျခံသုံးစွဲသည့် ကိစ္စရပ်များကို ကိစ္စတစ်ရပ်ချင်း ကျိုးကြောင်းဖော်ပြချက်များနှင့်အတူ အနီးကပ်ဆုံး ကျင်းပသော ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ တင်ပြရမည်။

အခန်း(၃)
ငွေချေးယူခြင်း

၇။ ပြည်ထောင်စုအစိုးရအဖွဲ့သည် လုပ်ငန်းစီမံချက်များအတွက်ဖြစ်စေ၊ ပြည်ထောင်စု၏ ရသုံးခန့်မှန်းခြေငွေစာရင်းပါ အသုံးစရိတ်အတွက်ဖြစ်စေ ပြည်ထောင်စုက တာဝန်ယူသည့် ငွေချေးစာချုပ်များ သို့မဟုတ် အာမခံစာချုပ်များ ထုတ်ပေးခြင်းဖြင့်လည်းကောင်း၊ အခြားနည်းဖြင့်လည်းကောင်း ပြည်တွင်းမှဖြစ်စေ၊ ပြည်ပမှဖြစ်စေ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ငွေချေးယူနိုင်သည်။ ထိုသို့ ချေးငွေရယူသည့်အခါ သင့်သည်ထင်မြင်သည့် အတိုးနှုန်းများသတ်မှတ်၍ ပေးနိုင်သည်။ ပြန်ဆပ်ရန်၊ ပြန်ရွေးရန် သို့မဟုတ် အခြားနည်းစီမံရန် စည်းကမ်းချက်များကိုလည်း ပြုလုပ်နိုင်သည်။

၈။ ယခင်ဘဏ္ဍာရေးနှစ်အတွင်းက လိုအပ်ငွေများဖြည့်တင်းရန် အာမခံစာချုပ်များ ရောင်းချခြင်းဖြင့် ရယူခဲ့သည့် ချေးငွေများနှင့်စပ်လျဉ်း၍ အချိန်ကျရောက်သောအခါ ပေးဆပ်ခြင်းကို အာမခံစာချုပ်အသစ်များဖြင့် လဲလှယ်နိုင်သည်။

